ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဒီးမော့ဆိုမြို့နယ်

CDD

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)




## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)


ဆောင်ဒူ၊ လိုဘာခိုအုပ်စု

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဒီးမော့ဆိုမြို့နယ်မြေပုံ | ၁ | ၁ |
| ၂။ | ကျေးရွာအုပ်စုမြေပုံ | ၂ | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်းနှင့်လူဦးရေ | ၃ | ၃ |
| ၄။ | ကျေးရွာမြေပုံ(တည်နေရာ) | ၄ | ၄ |
| ၅။ | ကျေးရွာမြေပုံသုံးသပ်ချက် | ၅ | ၆ |
| ၆။ | ကျေးရွာသမိုင်းကြောင်းအကျဉ်းချုပ် | ၇ | ၇ |
| ၇။ | ကျေးရွာအတွင်းရှိ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၈ | ၈ |
| ၈။ | ကျေးရွာအတွင်းရှိ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်သုံးသပ်ချက် | ၉ | ၉ |
| ၉။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်ခြင်း | ၁၀ | ၁၀ |
| ၁၀။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်သုံးသပ်ချက် | ၁၁ | ၁၂ |
| ၁၁။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်ခြင်း | ၁၃ | ၁၃ |
| ၁၂။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်သုံးသပ်ချက် | ၁၄ | ၁၄ |
| ၁၃။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်ခြင်း | ၁၅ | ၁၅ |
| ၁၄။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်သုံးသပ်ချက် | ၁၆ | ၁၆ |
| ၁၅။ | ကျေးရွာအတွင်းရှိ ကော်မတီဝင်များစာရင်း/ဓါတ်ပုံ | ၁၇ | ၁၇ |
| ၁၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၁၈ | ၁၈ |
| ၁၇။ | ကျေးရွာအချက်အလက်ပုံစံ(၁) | ၁၉ | ၂၀ |
| ၁၈။ | စီမံကိန်းစက်ဝန်း အချိန်ဇယား(ပုံစံ-၂) | ၂၁ | ၂၃ |
| ၁၉။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၂၄ | ၂၄ |
| ၂၀။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄) | ၂၅ | ၂၅ |
| ၂၁။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၂၆ | ၂၇ |
| ၂၂။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၂၈ | ၂၉ |


DEMOSO TOWNSHIP MAP
ရည်ညွှန်းချက်
ဒီးမော့ဆိုမြို့
ကျေးရွာအုပ်စု
ကျေးရွာ
ကားလမ်း
မီးရထားလမ်း

# ဒီးမောဆိုမြို့နယ် ၊ လိုကာဆို အုပ်စုမြေပုံ




အညွှန်း

ကတ္တရာလမ်းမကြီး

မြို့နယ်ခြား

အုပ်စုခြား

ကျေးရွာ

လိုကာကိုကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာနှင့် လူဦးရေစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကျ | မ | ပ | |
| ၁ | လိုကာကို | ၁၈၅ | ၅၂၆ | ၅၅၂ | ၁၀၇၈ | |
| ၂ | ဆောင်ဒူ | ၁၅၀ | ၄၂၃ | ၃၉၂ | ၈၁၅ | |
| ၃ | ဆီးဘူးပလော | ၂၄ | ၇၄ | ၆၆ | ၁၄၀ | |
| ၄ | ယပ်ဒူ | ၅၀ | ၁၅၃ | ၁၄၂ | ၂၉၅ | |
| ၅ | ဒါ့ဆီဆောင် | ၃ | ၉ | ၇ | ၁၆ | |
| | စုစုပေါင်း | ၄၁၂ | ၁၁၈၅ | ၁၁၅၉ | ၂၃၄၄ | |

# ကျေးရွာမြေပုံ



ရက်စွဲ ၊ ၉-၁၂-၂၀၁၆

**လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်**

ရည်ရွယ်ချက် ။ ကျေးရွာအတွင်းရှိ အခြေခံအဆောက်အဦးများနှင့် သဘာဝအရင်းအမြစ်များကို သိရှိပြီး ၎င်းအရင်းအမြစ်များသုံးစွဲမှုနှင့် လက်လှမ်းမီမှုကို လေ့လာသိရှိနိုင်ရန်ဖြစ်သည်။

ဆောင်ဒူကျေးရွာသည် လိုဘာခိုကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာတစ်ရွာဖြစ်ပြီး အိမ်ခြေ ပေါင်း (၁၅၀)အိမ်ရှိကာ လက်ရှိလူဦးရေမှာ ကျား(၄၂၃) နှင့် မ (၃၉၂)ရှိပါသည်။ဤကျေးရွာသည် ဒီးမော့ဆို- တောင်ငူ လမ်းမကြီးမှတဆင့် ရွာထဲသို့(၁)မိုင်ခန့် ကျောက်ချောလမ်းဖြင့်သွားရပါသည်။ရွာကြားလမ်းများသည် လှည်းလမ်းနှင့် လူသွားလမ်းများဖြစ်သည့်အတွက် မိုးများသောကာလတွင် သွားလာရန် ကျေးရွာသူ/သားများ အတွက် အခက်အခဲရှိပါသည်။အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု(၁၀)စု ရှိပါသည်။

ဆောင်ဒူကျေးရွာသည် တောင်ကုန်းတောင်တန်းပေါ်တွင် တည်ရှိသောကြောင့် ကျေးရွာရှိ အမျိုးသားများသည် သစ်တုံး၊သစ်ပင်များကို ကိုယ်တိုင်လက်ဖြင့်လွှဲဆွဲနိုင်သော စွမ်းရည်ရှိသောကြောင့် ရွာအတွင်း ရှိအိမ်အမျိုးအစားအများစုသည် ပျဉ်ထောင်အိမ်နှင့်သွပ်မိုးများ ဖြစ်ကြသည်။အုတ်နှင့်ပြုလုပ်သောအိမ်လည်း အနည်းငယ်ရှိပါသည်။စာသင်ကျောင်းနှင့် ဘုရားကျောင်းတို့သည် အုတ်နှင့် ပြုလုပ်ထားပါသည်။

ကျေးရွာတွင် မူလတန်းလွန်ကျောင်းရှိပြီး ကျောင်းသူ/သားဦးရေ (၂၄၀)ခန့်ရှိပြီး အခန်း(၇)ခန်း နှင့်အတန်း(၆)တန်းစီရှိပါသည်။ပညာသင်ကြားနေသောကလေးများအတွက် အခန်းမလုံလောက်သည့် အခက်အခဲ ရှိနေသဖြင့် ယခုနှစ်(ဒုတိယနှစ်စက်ဝန်း) ၂၀၁၇ခုနှစ် စီမံကိန်းလုပ်ငန်းခွဲတွင် ဤကျေးရွာအတွက် တိုးချဲ့အခန်း (၂) ခန်းပြုလုပ်ပေးရန် ဦးစားပေးလုပ်ငန်းရွေးချယ်လိုက်ပါသည်။အခန်းလုံလောက်မှုရှိပါက ပညာသင်ယူလိုသော ကလေးများအတွက် အဆင်ပြေမှုနှင့်မိဘများအတွက်လည်း ငွေကြေးကုန်ကျမှုနည်းပါးပြီး ပညာသင်ယူမှုမှာ လက်လှမ်းမှီပါသည်။

စာသင်ကျောင်းခြံဝင်းထဲတွင် မူကြိုကျောင်းရှိပြီး ပျဉ်နှင့်ဆောက်လုပ်ထားပါသည်။တချို့သော မိဘများက စားဝတ်နေရေးအဆင်မပြေ၍ ကလေးမူကြိုလစာပေးရန် အခက်အခဲရှိကာ မူကြိုဆရာမများ အစိုးရဝန်ထမ်းဖြစ်လာရန် မျှော်လင့်ထားပါသည်။ဤကျေးရွာတွင် ဆယ်တန်းအောင်မြင်သော သား/သမီးများ နည်းသောကြောင့် ပညာတတ်မြောက်မှုမှာ အသင့်အတင့်ရှိပါသည်။

ကျေးရွာ၏ သောက်သုံးရေမှာ တောထဲစိမ့်စမ်းရေထွက်ပေါက်မှတဆင့် ပိုက်ဖြင့်သွယ်ပြီး ရွာ၏ အပြင်လှောင်ကန်ထဲသို့ သိုလှောင်ထားပါသည်။၎င်းရေထွက်ပေါက်အကွာအဝေးမှာ ရွာနှင့်(၂)မိုင်ခန့်ဝေးပါသည်။ လှောင်ကန်၏ မြေထိန်းနံရံကို ၂၀၁၆ ခုနှစ် ဤစီမံကိန်းမှ ပြုလုပ်ပေးပါသည်။သို့သော် နွေရာသီအချိန်တွင် ရေလုံလောက်မှုမရရှိ၍ လိုဘာခိုကျေးရွာကို ဖြတ်ပြီး ယပ်ခူကျေးရွာအနီးရှိချောင်းသို့ ရွာနှင့်(၃)မိုင်ခန့်ဝေးသော နေရာတွင် ကား၊ထော်လာဂျီဖြင့် ရေခပ်ယူရပါသည်။

ကျန်းမာရေးအခြေအနေမှာ အစိုးရဆေးပေးခန်းမရှိသော်လည်း အဖွဲ့အစည်း (KNPPLF) ဆေး ပေးခန်းရှိကာ ဤဆေးခန်းသည် ကျေးရွာအတွက်နှင့်ဘေးပတ်ဝန်းကျင်ကျေးရွာများအတွက် အထောက်အကူ များစွာ ရရှိပါသည်။အရေးကြီးသောလူနာများအတွက် ဒီးမော့ဆို(သို့)လွိုင်ကော်ဆေးရုံကြီးတွင် သွားရောက်ကုသ ရသဖြင့် ငွေရေးကြေးရေးမှာ အခက်အခဲရှိပါသည်။

စီးပွားရေးအရင်းအမြစ်မှာ လယ်မြေနှင့် ကိုင်းအနည်းငယ်ရှိပြီး ပဲအမျိုးမျိုး၊ ပြောင်း၊ စပါး စသည့် သီးနှံများ အနည်းအကျဉ်းစိုက်ပျိုးကြပါသည်။အိမ်ထောင်စုအများစုမှာ လက်လုပ်လက်စားများသောကြောင့် ဝမ်းစာ ဖူလုံမှုမရှိပါ။ယင်းကျေးရွာသည် နေ့စားအလုပ်သမားများမှ အရင်းအမြစ်ကို လက်လှမ်းမှီသော်လည်း

ကျေးရွာအတွင်းရှိ အလုပ်နှင့်မလုံလောက်သောကြောင့် တခြားကျေးရွာ၊မြို့၊နိုင်ငံများသို့ တချို့သွားရောက် အလုပ်လုပ်ရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၂၄)ဦး
မ (၆၄)ဦး

# လိုဘာခိုအုပ်စု ၊ ဆောင်ဒူကျေးရွာ

ရက်စွဲ ၊ ၁၀-၀၂-၂၀၁၆

**ကျေးရွာ၏ နောက်ခံသမိုင်းအကျဉ်း**

ဆောင်ဒူကျေးရွာသည် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ လိုဘာခိုကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး မြေမျက်နှာသွင်ပြင် ပထဝီအနေအထားမှာ အရှေ့ဘက်တွင် ထီးလသူးခိုရွာ၊ အနောက်ဘက်တွင် ဟိုဝမ်ရွာ၊ တောင်ဘက်တွင် လိုဘာခိုရွာနှင့် မြောက်ဘက်တွင် လိုပူရွာတို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသဖြင့် ပင်လယ်ရေမြေမျက်နှာပြင်(၄၀၀၀)ပေကျော်အမြင့်တွင် တည်ရှိသောရွာဖြစ်ပြီး ကယန်းလူမျိုးများ ဖြစ်ကြပါသည်။


ဆောင်ဒူလူမျိုးတည်စဉ် တောင်ကြီးတစ်လုံးပေါ်၌နေထိုင်စားသောက်ကြပြီး ရေကြည်ရာမြက်နုရာ ရှာ၍ တောင်ကြီး၏အောက်၌ရှိသော မြေပြန့်လွင်ပြင်တွင်တဖန် ပြောင်းရွှေ့ဆင်းသက်လာကြသည်။ဆောင်ဒူ၏ အဓိပ္ပာယ်မှာ တောင်ကြီးကိုအမည်ပြု၍ ကယန်းဘာသာစကားဖြင့် ဆောင်ဒူဟု အမည်တွင်ပါသည်။

၁၉၁၁ ခုနှစ်မတိုင်မီအထိ ဤကျေးရွာသည် မိရိုးဖလာတံခွန်တိုင်တစ်ခုတည်းသာ ကိုးကွယ်ကြပါသည်။သို့သော် ၁၉၁၂ ခုနှစ်ခန့်တွင် သာသနာပြုဘုန်းတော်ကြီး (PIME)၏ စည်းရုံးမှုကြောင့် မိရိုးဖလာဘာသာမှ ကက်သလစ်ခရစ်ယာန်ဘာသာသို့ အိမ်ခြေတချို့ပြောင်းလဲသွားခဲ့ပါသည်။

ယနေ့လက်ရှိ အိမ်ခြေပေါင်း(၁၅၀)အိမ်နှင့် လူဦးရေ(၈၁၅)ဦးရှိပါသည်။ခရစ်ယာန်ဘာသာဝင် အိမ်ခြေပေါင်း(၁၂၀)အိမ်ရှိပြီး ကျန်(၃၀)အိမ်ခြေတို့မှာ မိရိုးဖလာဘာသာကိုးကွယ်ယုံကြည်ကြသောရွာဖြစ်ပါသည်။ ဤကျေးရွာတွင် ဘာသာ(၂)မျိုးရှိသော်လည်း ရပ်ရေး/ရွာရေးတွင် ပူးပေါင်းပါဝင်မှုရှိပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၂)ဦး
မ (၂)ဦး

ဥစ္စာဓနကြွယ်ဝမှုပြဇယား


လိုဘာနို အုပ်စု
ခေါင်ဒု ကျေးရွာ

ဥစ္စာဓနကြွယ်ဝမှုဇယား

ရက်စွဲ ၉.၁၂.၁၆
ဆွေးနွေးသူဦးရေ ကျား ၂၄ / မ ၆၄

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| A | လယ် (၁၀) ဧကထက်၊ ကား၊ တိုက်အိမ် ၄၂ [illegible]၊ ငွေကြေးလုံလောက်၊ ဆိုင်ကယ်၊ နွား၊ တောင်ယာ ဧကများ၊ စက် | ၁၀ | 6.67 |
| B | စက်ဘော်လက်ကို၊ ဆိုင်ကယ်၊ နွားရှိ၊ ပျဉ်ထောင်အိမ် လယ် (၁) ဧကအောက်၊ တောင်ယာဧကနဲ့၊ အသက် ကျင်းထိ မထောက်နိုင်၊ | ၄၀ | 26.67 |
| C | [illegible]၊ ဝါးအိမ်၊ လယ်မရှိ၊ ပျဉ်ခိုထောင်အိမ်သေး၊ ပညာသင်မှု နိုင်မှု အားနည်း | ၁၀၀ | 66.67 |
| | | ၁၅၀ | |

## လှိုဘာခိုအုပ်စု ၊ ဆောင်ဒူကျေးရွာ

ရက်စွဲ ၊ ၉-၁၂-၂၀၁၆

**ဥစ္စာနေကြွယ်ဝမှု သုံးသပ်ချက်**

ရည်ရွယ်ချက် ။ ကျေးရွာအတွင်းရှိ အိမ်ထောင်စုများ ဥစ္စာဓနကွာခြားမှုများ၊ လူမှုစီးပွားရေးအခြေအနေ အလိုက် စံနှုန်းများသတ်မှတ်ချက်များတွင် ပါဝင်နေသောအိမ်ထောင်စုများ၏ ရာခိုင်နှုန်း အချိုးများ သိရှိလာစေရန်။

ဆောင်ဒူကျေးရွာတွင် အိမ်ထောင်စု(၁၅၀)စုခန့်ရှိပြီး ဥစ္စာဓနကြွယ်ဝမှုပြဇယား သုံးသပ်ချက်တွင် အုပ်စု(၃)အုပ်စု ရှိပါသည်။၎င်းတို့မှာ အုပ်စု(၁)တွင် ပြေလည်သောအိမ်ထောင်စုမှာ (၁၀)စု (၆. ၆၇%)၊ အုပ်စု(၂)တွင် အလယ်အလတ်ပြေလည်သောအိမ်ထောင်စုမှာ (၄၀)ခု (၂၆. ၆၇%)၊ အုပ်စု(၃)တွင် မပြေလည် သော အိထောင်စုမှာ (၁၀၀)စု (၆၆. ၆၇%) တို့ဖြစ်သည်။

ပြေလည်သောအိမ်ထောင်စု သွင်ပြင်လက္ခဏာများမှာ လယ်(၁)ကေနှင့်အထက်၊ ကား၊ တိုက်(၂) ထပ်အိမ်၊ ငွေကြေးလုံလောက်(စားဝတ်နေရေးအဆင်ပြေ)၊ ဆိုင်ကယ်၊ နွား၊ တောင်ယာကေများ၊ စက် စသည်တို့ ပိုင်ဆိုင်မှုရှိသော အိမ်ထောင်စုဖြစ်သည်။

အလယ်အလတ်ပြေလည်သောအိမ်ထောင်စု သွင်ပြင်လက္ခဏာများမှာ စက်၊ နွား၊ ပျဉ်ထောင်အိမ် အကောင်းစား၊ လယ်(၁)ကေအောက်၊ တောင်ယာကေအနည်းငယ်ပိုင်ဆိုင်ပြီး စားဝတ်နေရေးအသင့်အတင့်ဖြစ်၍ မြို့ပေါ်သို့ သားသမီးများပညာဆက်လက်သင်ကြားနိုင်ရန်အတွက် မထောက်ပံ့နိုင်ခြင်း စသည်တို့ဖြစ်သည်။


မပြေလာ်သောအိမ်ထောင်စု သွင်ပြင်လက္ခဏာများမှာ ပျဉ်ထောင်အိမ်အသေးစား(သို့)ထရံအိမ်၊ လယ်(သို့)ယာမရှိ၊ ကျဘန်းအလုပ်၊ စားဝတ်နေရေးအဆင်မပြေ၍ သားသမီးများပညာရေးတွင် လက်လှမ်းမီမှု အားနည်းခြင်း စသည်တို့ဖြစ်သည်။

ဤအုပ်စု(၃)စုသည် ယေဘုယျအားဖြင့် အုပ်စု(၂)မှ အိမ်ထောင်စုသည် အုပ်စု(၁)သို့၊ အုပ်စု(၃)မှ အိမ်ထောင်စုသည် အုပ်(၂)သို့ (၃)နှစ်အတွင်းသိသာပြောင်းလဲမှုရှိလာမည်ဟု မထင်ရချေ။အဘယ်ကြောင့်ဆိုသော် အချို့သော အိမ်ထောင်စုသည် စဉ်းစားတွေးခေါ်မှုဉာဏ်မမှီခြင်း၊ အလုပ်ကြိုးစားမှုမရှိခြင်း၊ သားသမီးများခြင်း၊ ကျန်းမာရေးချို့တဲ့လာခြင်း၊ ဝမ်းစာဖူလုံမှုမရှိ၍ သားသမီးများပညာရေးမှာလက်လှမ်းမမီခြင်း၊ စိုက်ပျိုးရေးနည်း ပညာမရှိခြင်း၊ မွေးမြူရေးပညာနှင့် အရင်းအနှီးမရှိခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း စသည်တို့ဖြစ်သည်။

ဤကျေးရွာတွင် မပြေလည်သောအုပ်စုများသောကြောင့် ရွာ၏ဖွံ့ဖြိုးရေးနှောင့်နှေးနေပါသည် ဟု ကျေးရွာလူထုနှင့် အပြန်အလှန်ဆွေးနွေးခြင်းဖြင့် သိရှိခဲ့ရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၂၄)ဦး
မ (၆၄)ဦး

ကျား/မ ဆိုင်ရာ ပင်ကူအိမ်ဖော်ထုတ်ခြင်း



ရက်စွဲ ၊ ၉-၁၂-၂၀၁၆

**ပင်ကူအိမ် သုံးသပ်ချက်**

ရည်ရွယ်ချက် ။ ကျေးရွာအတွင်းရှိ အမျိုးသမီးများ၏ အခြေအနေနှင့်ကွာခြားမှုများကို လေ့လာသိရှိနိုင်ရန် ဖြစ်သည်။

ဆောင်ဒူကျေးရွာ၏ ပင်ကူအိမ်သုံးသပ်ချက်ကို အချက်(၈)ချက်ဖြင့်နှိုင်းယှဉ်ဆွေးနွေးခဲ့ကြပါသည်။

အချက်(၁) ကျန်းမာရေးဂရုစိုက်မှုသုံးသပ်ချက်တွင် အမျိုးသားများသည် မိသားစုစားဝတ်နေရေးတွင် တာဝန်ပိုရှိသောကြောင့် အိမ်တွင်းရေးဖြစ်သော သားသမီးများကျန်းမာရေးစောင့်ရှောက်မှုတွင်အမျိုးသမီးများ ပို၍ပြုစုရခြင်းဖြစ်သည်။

အချက်(၂) ပူးပေါင်းပါဝင်မှုသုံးသပ်ချက်တွင် အမျိုးသားပူးပေါင်းပါဝင်မှုသည် အမျိုးသမီးထက်နည်းပါသည်။ ဥပမာအားဖြင့် သာရေးနာရေး ပွဲလမ်းသဘင်တွင်လည်းကောင်း၊ ယခုစီမံကိန်းအစည်းအဝေး တက်ရောက်ရာတွင်လည်းကောင်း အမျိုးသမီးဦးရေပို၍များသည်ကို တွေ့ရပါသည်။

အချက်(၃) အလုပ်အကိုင်အခွင့်အလမ်းသုံးသပ်ချက်တွင် ကျား/မတန်းတူရရှိပါသည်။အဘယ်ကြောင့် ဆိုသော် ပညာရေးလက်လှမ်းမှီမှုနှင့် ပူးပေါင်းပါဝင်မှုတွင် ကွာခြားမှုမရှိခြင်းဖြစ်သည်။

အချက်(၄) လုံခြုံမှုသုံးသပ်ချက်တွင် အမျိုးသားကပိုများပါသည်။အမျိုးသားများသည် ရိုးရာဓလေ့အရ ပတ်ဝန်းကျင်ဝေဖန်မှုသည် အမျိုးသမီးထက်နည်းခြင်း၊ လွတ်လပ်စွာသွားလာနေထိုင်ရေးတွင်လည်း စိုးရိမ်မှုများသည် အမျိုးသမီးထက်များခြင်းနှင့် ကာယခွန်အားပိုရှိခြင်းကြောင့်ဖြစ်သည်။

အချက်(၅) အမွေရပိုင်ခွင့်သုံးသပ်ချက်မှာ ရှေးရိုးထုံးတမ်းစဉ်လာအရ အမျိုးသမီးများမှာ အမွေရပိုင်ခွင့်မရှိပါ။ အမျိုးသမီးများအရွယ်ရောက်ပြီး အိမ်ထောင်ကျသောအခါမှ အမျိုးသားနှင့်အတူနေရခြင်း၊ တခြားသူများ၏ သမီးဖြစ်ရခြင်းကြောင့် ဖြစ်သည်။

အချက်(၆) အိမ်မှုကိစ္စဆောင်ရွက်မှုသုံးသပ်ချက်မှာ အမျိုးသမီးများပိုများပါသည်။အမျိုးသားအများစုသည် ဝင်ငွေရသောအလုပ်၊ အိမ်ပြင်ပသို့ အလုပ်ထွက်ရာရခြင်းမှာ တာဝန်ပိုရှိပြီး အိမ်မှုကိစ္စတွင်အမျိုးသမီး တာဝန်ပိုဖြစ်ကြောင်း၊ အမျိုးသမီးများမအားလပ်သောအချိန်မှသာ အမျိုးသားများအိမ်မှုကိစ္စတွင် ဆောင်ရွက်ရခြင်းဖြစ်သည်။


အချက်(၇) ဆုံးဖြတ်ပိုင်ခွင့်သုံးသပ်ချက်တွင် အမျိုးသားများပိုများပါသည်။အမျိုးသမီးများသည် ကာယခွန်အား အားနည်းခြင်း၊ လုံခြုံမှုတွင်လည်းအမျိုးသားထက် မိမိကိုယ်ကိုယုံကြည်မှုနည်းခြင်း၊နှင့်ပတ်ဝန်းကျင် တွင်လည်း အစဉ်အလာအရအထင်သေးခံရခြင်းကြောင့်ဖြစ်သည်။

အချက်(၈) ဦးဆောင်ပိုင်ခွင့်သုံးသပ်ချက်တွင်လည်း အမျိုးသားပိုများပါသည်။ဆုံးဖြတ်ချက်ချပြီးသောကိစ္စ ဥပမာ - ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်ရသောအလုပ်၊ မိသားစုအတွက် အရေးပေါ်လိုအပ်သော အခါ စသည်တို့သည် အမျိုးသားများပို၍ဦးဆောင်ပါသည်။

ထိုသို့ဆွေးနွေးခြင်းများပြုလုပ်ခြင်းအားဖြင့် အမျိုးသားများသည် အမျိုးသမီးများ၏ အားသာချက်၊အားနည်းချက်များ ပိုမိုသိရှိလာပြီး လက်တွဲခေါ်ဆောင်သွားရန်ဖြစ်သည်။

ပါဝင်ဆွေးနွေးသူ - ကျား(၂၄)ဦး
မ (၆၄)ဦး

## အဖွဲ့ အစည်းချိတ်ဆက်မှုပြဇယား



## လိုဘာခိုအုပ်စု ၊ ဆောင်ဒူကျေးရွာ

ရက်စွဲ ၊ ၉-၁၂-၂၀၁၆

**အဖွဲ့အစည်းချိတ်ဆက်မှုဇယား သုံးသပ်ချက်**

ရည်ရွယ်ချက် ။ လူထုအတွင်းကွဲပြားခြားနားသော အုပ်စုများ၊အဖွဲ့အစည်းများ၊ အပြန်အလှန်အကျိုးပြုသည့်အဖွဲ့များ၊ အမျိုးသမီးအဖွဲ့များ၊ လူမျိုးကွဲအဖွဲ့များနှင့် ဘာသာရေးအဖွဲ့များ စသည့် အဖွဲ့များ အရေးကြီးသောအခန်းကဏ္ဍကိုသိရှိလာစေရန်။

ဆောင်ဒူကျေးရွာတွင် ရွာတွင်းအဖွဲ့အစည်းနှင့်ရွာပြင်ပမှ အဖွဲ့အစည်းဟူ၍ စုစုပေါင်း(၁၂)ခုရှိပါသည်။၎င်းတို့မှာ ရွာတွင်းအဖွဲ့အစည်းများမှာ အုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊လူငယ်အဖွဲ့၊ဖခင်အဖွဲ့၊ မယ်တော်သမီးအဖွဲ့၊ တမန်တော်အဖွဲ့၊ အားနာအသင်းနှင့် သက်ကြီးရွယ်အိုအဖွဲ့များဖြစ်ပြီး ရွာပြင်ပအဖွဲ့အစည်းမှာ မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့၊လူထုဗဟိုပြုစီမံကိန်း၊LDN နှင့်မေတ္တာ(စိုက်ပျိုးရေး)အဖွဲ့များဖြစ်ကြသည်။


ရွာတွင်းအဖွဲ့အစည်းများဖြစ်သော ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် လူငယ်အဖွဲ့သည် ရွာတွင်းပဋိပက္ခများရှိလာပါက ဦးဆောင်ဖြေရှင်းပေးခြင်း၊ အဖွဲ့များအကြားချိတ်ဆက်မှုရှိ၍ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ချက်များချမှတ်ရာတွင်လည်း ပူးပေါင်းဆောင်ရွက်မှုရှိခြင်းနှင့် အခြားရွာပြင်ပမှလာသော အဖွဲ့အစည်းများချိတ်ဆက်ပေးသည့်အဖွဲ့ဖြစ်သည့်အတွက်ကြောင့် ကျေးရွာလူထုအတွက် အရေးပါသော အဖွဲ့များဖြစ်သည်။ဖခင်အဖွဲ့၊ မယ်တော်သမီးအသင်း၊ တမန်တော်အဖွဲ့၊ အားနာအသင်းတို့သည် ဘာသာရေးအဖွဲ့အစည်းများဖြစ်ကြသောကြောင့် အဖွဲ့များအကြားချိတ်ဆက်မှုရှိ၍ ရပ်ရွာ၏ သာရေးနာရေး၊လူမှုရေးတွင် အသင့်အတင့်အရေးပါသောအဖွဲ့များဖြစ်ကြသည်။ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် သက်ကြီးရွယ်အိုအဖွဲ့သည် အဖွဲ့များအကြားချိတ်ဆက်မှုမရှိခြင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းပါဝင်မှုတွင်လည်း အားနည်းသောအဖွဲ့ဖြစ်သည်။

ရွာပြင်ပမှ အဖွဲ့အစည်းများဖြစ်သော LDN အဖွဲ့သည် ကျေးရွာကော်မတီများဖွဲ့စည်းပေးခြင်းနှင့် ဆယ်ကျော်သက်အရွယ်ကလေးများ နည်းလမ်းမှန်ကန်စွာရှင်သန်နိုင်ရေးအတွက် (ဥပမာ-သင်တန်းပေးခြင်း)ပြုစုပျိုးထောင်ပေးသည်။မေတ္တာအဖွဲ့သည် ကျေးရွာအတွက်လိုအပ်သော စိုက်ပျိုးရေးနည်းပညာအရင်းအနှီးများဆောင်ရွက်ပေးသည်။LDN နှင့် မေတ္တာအဖွဲ့များသည် အဖွဲ့များအကြားတွင်ချိတ်ဆက်မှုမရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးမှာအသင့်အတင့်ပါဝင်သော အဖွဲ့များဖြစ်သည်။မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့သည် ကျေးရွာတွင် ပြဿနာများပေါ်ပေါက်လာပါက ဦးဆောင်ဖြေရှင်းသည့်အဖွဲ့ဖြစ်သောကြောင့် အရေးပါသောအဖွဲ့ဖြစ်သည်။လူထုဗဟိုပြုစီမံကိန်းအဖွဲ့သည် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ထောက်ပံ့ငွေနှင့် ၎င်းထောက်ပံ့ငွေကို သုံးစွဲရန်အတွက် ကော်မတီများဖွဲ့စည်းပေး၍ သင်တန်းများပေးခြင်းကြောင့် အတွေ့အကြုံဗဟုသုတများ လက်တွေ့လုပ်ကိုင်ဆောင်ရွက်ရတို့ကြောင့် ကျေးရွာအတွက် အရေးပါသောအဖွဲ့တစ်ဖွဲ့ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၂၄)ဦး

မ (၆၄)ဦး

ရာသီခွင်ပြ ပြက္ခဒိန်



## လိုဘာခိုအုပ်စု ၊ ဆောင်ဒူကျေးရွာ

ရက်စွဲ ၊ ၉-၁၂-၂၀၁၆

**ရာသီခွင်ပြဇယား သုံးသပ်ချက်**

ရည်ရွယ်ချက် ။ ရပ်ရွာလူထု၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ အလုပ်အကိုင်၊ အစားအစာရရှိနိုင်မှု ကျန်းမာရေးပြဿနာများနှင့် ရာသီအလိုက်ပြောင်းလဲမှုများ၏ အခြေအနေကိုသိရှိရန် ဖြစ်သည်။

ကျေးရွာမှာ နွေ၊မိုး၊ဆောင်း ဟူ၍ ရာသီဥတု(၃)မျိုးရှိပြီး မိုးရာသီမှာ ဇွန်လမှအောက်တိုဘာလအထိဖြစ်ကာ ဇူလိုင်လနှင့်ဩဂုတ်လတွင် မိုးအများဆုံးရွာသောကာလဖြစ်သည်။မိုးများသောကာလတွင် ဤကျေးရွာ အတွက် လမ်းပန်းဆက်သွယ်ရေးအဆင်မပြေသောကာလလည်းဖြစ်ပါသည်။အဘယ်ကြောင့်ဆိုသော် ရွာတွင်းလမ်းများသည် လှည်းလမ်း၊ လူသွားလမ်းများဖြစ်သောကြောင့် ဖြစ်သည်။

ကျေးရွာတွင် ခြံမှစိုက်ပျိုးသော သီးနှံပင်များမှာ ပြောင်း၊စပါး၊ပြောင်းကောက်၊အာလူး၊ဂျင်းနှင့် ပျူးမြစ်တို့ဖြစ်ပြီး တချို့သီးနှံများဖြစ်သော ဂျင်းနှင့်အာလူးတို့မှာ ဧပြီလမှာမျိုးချပြီး ကုန်သီးနှံများမှာ မေလနှင့်ဇွန်လတွေမှာ မျိုးချကြပါသည်။အာလူးနှင့်ပြောင်းဖူးတို့မှာ ဩဂုတ်လနှင့်စက်တင်ဘာလတွင် ရိတ်သိမ်းပြီး စပါးနှင့်ပြောင်းကောက်တို့မှ နိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့မှာ ရိတ်သိမ်းကြပါသည်။အထက်ဖော်ပြပါ သီးနှံများသည် စီးပွားအဖြစ်စိုက်ပျိုးခြင်းမဟုတ်ဘဲ ဝါသနာပါသောသူ/မြေယာရှိသောသူသာလျှင် စိုက်ပျိုးကြသောကြောင့် ဝမ်းစာဖူလုံမှု ကျေးရွာအတွက်မရရှိချေ။

ကျေးရွာတွင် ဝမ်းစာဖူလုံမှုမရှိသည့်အတွက် စိုက်ပျိုးရိတ်သိမ်းချိန်(သို့) အလုပ်များသောအချိန်မှလွဲ၍ ကျေးရွာပြင်ပသို့ အလုပ်ထွက်ရှာခြင်း၊ လက်လုပ်လက်စားလုပ်ခြင်း၊ အဆင်ပြေသောမိသားစုထံတွင် ချေးယူခြင်း စသည့်နည်းလမ်းများဖြင့် စားဝတ်နေရေးအဆင်ပြေအောင် ဖြေရှင်းကြပါသည်။


ကျေးရွာအတွက် သောက်သုံးရေကို တောမှထွက်သော စိမ့်စမ်းရေထွက်ပေါက်မှတဆင့် ရေပိုက်လိုင်းကို လှောင်ကန်ထဲသို့သွယ်ယူရသဖြင့် နွေရာသီဖြစ်သော ဖေဖော်ဝါရီလမှစ၍ဧပြီလထိစိမ့်စမ်းရေထွက်ပေါက်မှ ရေထွက်နည်းကာ ရေရှားပါးမှုပြဿနာရှိပါသည်။နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ ဆောင်းရာသီဖြစ်သည့်အလျောက် အလွန်အေးချမ်းလှပါသည်။

ကျေးရွာတွင် အဖြစ်များသော ရောဂါများမှာ တုတ်ကွေးရောဂါနှင့်ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ကြပါသည်။ရာသီအပြောင်းအလဲတွင်ပိုဖြစ်များသော်လည်း ရွာတွင် KNPPLF ဆေးခန်းရှိခြင်း(သို့) လွိုင်ကော်၊ ဒီးမော့ဆိုဆေးရုံများသို့ အချိန်မှီကုသခံရသဖြင့် အသေအပျောက်နှုန်းနည်းပါသည်။မွေးမြူရေးမှာ ကြက်၊ဝက်၊နွား၊ စသည်တို့အနည်းအကျဉ်းရှိပါသည်။ဤ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလတွင် နွားများ၊ ဇူလိုင်လနှင့်ဩဂုတ်လများတွင် ဝက်များ စသည့်တိရစ္ဆာန်များလည်း ရောဂါကျရောက်မှုရှိပါသည်။မွေးမြူရေးအသိပညာနည်းပါးခြင်းနှင့် ငွေအရင်းအနှီးမရှိသည့်အတွက် အခက်အခဲလည်းတွေ့ရပါသည်။

ဤကျေးရွာတွင် ခရစ်ယာန်ဘာသာဝင်နှင့် တံခွန်တိုင်ဘာသာများရှိသောကြောင့် ဒီဇင်ဘာလ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ခရစ်ယာန်ဘာသာဝင်များပွဲရှိကြပြီး မတ်လတွင် တံခွန်တိုင်ပွဲများရှိကြပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား(၂၄)ဦး
မ (၆၄)ဦး

## ကော်မတီဝင်စာရင်း





ကျေးရွာကော်မတီစာရင်း

ကျေးရွာ - ဆောင်ဒူ　　　　၁၀.၁၂.၂၀၁၄

မြို့နယ် - လှိုင်ဘွဲ့　　　　စနေ နေ့

| စဉ် | ကော်မတီအမည် | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကျေးရွာ [illegible] ကော်မတီ | ဥက္ကဋ္ဌ | ဦးခွန်ထော | |
| | | ဒုဥက္ကဋ္ဌ | ဒေါ်ဂျိုစီမူပလပ် | |
| ၂။ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးပေဂြူ | |
| | | အဖွဲ့ဝင် | ဒေါ်ဂျူရီဝိုင်း | |
| | | အဖွဲ့ဝင် | ဒေါ်ဗိတိုရီယာ | |
| ၃။ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဘယ်ရာနီကာ | |
| | | အဖွဲ့ဝင် | ဦးမောင်နီ | |
| | | အဖွဲ့ဝင် | ဒေါ်အဂ္ဂနက် | |
| ၄။ | လည်ပတ်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်မူမိုက် | |
| | | အဖွဲ့ဝင် | ဦးခင်လေး | |
| | | အဖွဲ့ဝင် | ဒေါ်အုံလီတကာက (မူဆိုး) | |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | အဖွဲ့ဝင် | ဒေါ်မန်ဒလေးနာ (ဒေါ်မအေးသော) | |
| ၆။ | [illegible] အကြံပြုတိုင်ကြား ဖြေရှင်းရေး ကော်မတီ | အဖွဲ့ဝင် | ဦးပေါလူ | |
| | | အဖွဲ့ဝင် | ဒေါ်မူကရင်း | |
| ၇။ | ကျေးရွာစေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးကျော်ရှိန် | |
| | | အဖွဲ့ဝင် | ဒေါ်ခရစ္စတီး | |





## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်၊ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်၊ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်၊ | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် [illegible] | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] | |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၁၉၀ | ဘာသာ (၁) ခရစ်ယာန် | ၁၂၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ဗုဒ္ဓဘာသာ | ၂၀ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂/၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၈ / ၁၁ | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယန်း | 423 | 392 |
| လူမျိုးစု (၂) ------------ | | |
| လူမျိုးစု (၃) ------------ | | |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | ၁၉၀ | ၁၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား KNPPLG | ☑ | ဗလီ | ☐ |
| | | | | အခြား [illegible] | ☑ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

(၁) စာသင်ကျောင်း

| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ |
| မူကြိုဆရာ/မ | ☑ | ☑ |
| အခြား | ☐ | ☐ |
| မှတ်ချက် | | |

(၂) ကျန်းမာရေး

| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|
| ဆရာဝန် | ☐ | ☐ |
| လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ |
| အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ |
| သားဖွားဆရာမ | ☐ | ☐ |
| ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ |
| မှတ်ချက် | | |

(၃) လက်မှုပညာရှင်

| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|
| လက်သမား | ☑ | ☐ |
| ပန်းရံ | ☑ | ☐ |
| လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| ရေပိုက်သွယ်သူ | ☐ | ☐ |
| စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| (ကျောက်ခင်းလမ်း) | မြေသားလမ်း | လူသွားလမ်း | အခြား __________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်---------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၁/၂ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---8 min--- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျှင်/လှေ/မော်တော်ဘုတ်/

အခြား --------------------

မိုးရာသီတွင်ကြာချိန်---8 min--- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျှင်/လှေ/မော်တော်ဘုတ်/

အခြား --------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---ဘုရား---

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မေတ္တာ (ရိုက်ပျိုးရေး)

(၂) ကျေးရွာဗဟိုပြုစီမံကိန်း

(၃) LDN

ကျေးရွာခေါင်းဆောင် — အမည် ဦးဘောင်းကို

လက်မှတ် နေ့စွဲ - ၁၀.၁၂.၂၀၁၆-၃

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ကျူးနယ်ရှိခိုင်

လက်မှတ် နေ့စွဲ 10.12.16

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

| | | | | | |
|---|---|---|---|---|---|
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်ထူးအယ်ရှိုင် | | | | |
| နေ့စွဲ | ၉.၁၂.၁၆ | စက်ဝန်းအားအမှတ်ခြစ်ပါ | ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း | ကယား | မြို့နယ် | ဖရူဆို | ကျေးရွာအုပ်စု | ဒီမော်ဆို | ကျေးရွာ | ဒေါင်ဒွဲ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၉.၁၂.၁၆ | ၉.၁၂.၁၆ | ၂၄ | ၆၄ | ၈၈ | ကယန်း ၈၈ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၀.၁၂.၁၆ | ၁၀.၁၂.၁၆ | ၄၃ | ၄၃ | ၈၆ | ကယန်း ၈၆ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၃.၁.၁၇ | ၁၃.၁.၁၇ | ၈ | ၈ | ၁၆ | ကယန်း ၁၆ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - ၀ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်၊** အဆင့်(၃)၏ ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ထူး အယ်ရှိုင်း | | | |
| နေ့စွဲ ၁၀. ၁၂. ၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီမောဆို | ကျေးရွာအုပ်စု လိုကော် | ကျေးရွာ ဆော ဗွဲ |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ဆေးရုံ ဆွင်း မရှိသည့် အခက်အခဲ | ၁ | စာသင်ကျောင်းဆိုင်း မလုံလောက်သည့် အခက်အခဲ |
| ၂ | စာသင်ကျောင်းဆိုင်း မလုံလောက်သည့် အခက်အခဲ | ၂ | ဝင်ငွေ မလုံလောက်မှု ကြောင့် ကလေး ကျောင်း ဆက်မတက်နိုင်သည့် |
| ၃ | မိုက်ပျိုးရေး နည်းပညာ မရှိသည့် အခက်အခဲ | ၃ | ရေ မလုံလောက်သည့် အခက်အခဲ |
| ၄ | ရေလုံလောက်စွာ မရရှိသည့် အခက်အခဲ | ၄ | ကျေးရွာတွင်း လမ်း မကောင်းသည့် အခက်အခဲ |
| ၅ | နည်းပညာ ဗဟုသုတ နည်းပါးသော အခက်အခဲ | ၅ | ဝင်ငွေရေး မလုံလောက်သည့် အခက်အခဲ |
| ၆ | လမ်းတံတားရေး ကောင်းမဖြစ်သည့် အခက်အခဲ | ၆ | မူကြိုကျောင်း ဆရာ မပေးနိုင်သည့် အခက်အခဲ |
| ၇ | [illegible] မကောင်းသည့် အခက်အခဲ | ၇ | ကြက်၊ ဝက် မွေးမြူရေး အဆင်မပြေသည့် အခက်အခဲ |
| ၈ | [illegible] မရောင်း ရှိသည့် အခက်အခဲ | ၈ | လုပ်ငန်း [illegible] ပေး သည့် အခက်အခဲ |

**ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။**

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | မိုက်ပျိုးရေး နည်းပညာများ ရရှိချင် | ၁ | တိုးချဲ့ စာသင်ကျောင်း ဆိုင်း ရရှိချင် |
| ၂ | လမ်း [illegible] ရှိလာချင် | ၂ | မူကြို ဆရာမ များ [illegible] ရရှိချင် |
| ၃ | ဆေးရုံ ဆွင်း ဖြိုး ချင် | ၃ | ကျေးရွာတွင်း ကတ္တရာလမ်း ဖြစ်လာချင် |
| ၄ | တိုးချဲ့ စာသင်ကျောင်း ရရှိချင် | ၄ | [illegible] များ အိမ် နှင့် မဝေး [illegible] ချင် |
| ၅ | လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ချင် | ၅ | ရေ ထွက်ပေါက် ပြုပြင်ပေးချင် |
| ၆ | ရေ လုံလောက်စွာ ရရှိချင် | ၆ | မွေးမြူရေး နည်းပညာ သင်တန်း များ ရရှိချင် |
| ၇ | [illegible] ရရှိချင် | ၇ | ကား ကစား ကွင်း ပြုပြင်ပေးချင် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃ ) နှစ်အတွက် အရေးပါသော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | တိုးချဲ့ စာသင်ကျောင်း ဆိုင်း | (က+ခ) | | |
| ၂ | ရေပိုက်ရေး | (က+ခ) | | |
| ၃ | ဆေးရုံ ဆွင်း | (က) | | |
| ၄ | လမ်း | (က+ခ) | | |
| ၅ | | | | |

## ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။)

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဂန်ထမ်းအမည် | ၊ ဦး နို မြင့် ၊ ဒေါ်ထူး အာပင် လှိုင်း | | |
| နေ့စွဲ | ၁၃ . ၁ . ၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု | လှိုဘာသို |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ်: စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| လှိုဘာသို | ခန်းမဆောင် | ၅၀'×၃၀'×၁၂' | ၁၀၇ ဦး | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၁၈ သိန်း | - | - | - | ၁၁၈ သိန်း |
| ဆောင်ဒူ | စာသင်ကျောင်း | 40'×30'×12' | ၈၅ ဦး | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | ၁၁၉ သိန်း | - | - | - | ၁၁၉ သိန်း |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |

| ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ | အမည် | လက်မှတ် | ရက်စွဲ |
|---|---|---|---|
| | ဦး ဟာင်မှုရီ | [signature] | ၁၃ . ၁ . ၂၀၁၇ |
| | ဒေါ်ရှိစီ | [signature] | ၁၃ . ၁ . ၂၀၁၇ |

# ပထမအကြိမ်ကျေးရွာအစည်းအဝေး မှတ်တမ်း

ကျေးရွာနှင့်အုပ်စု - ဆောင်ဒူကျေးရွာ၊လိုဘာခိုအုပ်စု

နေရာ - ဓမ္မာရုံ

ရက်စွဲ - ၉-၁၂-၂၀၁၆

တက်ရောက်သူဦးရေ - ကျား ၂၄ + မ ၆၄

ရည်ရွယ်ချက် ။ စီမံကိန်းအကြောင်းများပြောကြားခြင်း၊ လူမှုဆန်းစစ်ခြင်း ပြန်လည်သုံးသပ်ခြင်းနှင့် စေတနာ့ဝန်ထမ်းများ ပြန်လည်ရွေးချယ်ခြင်း။

ပထမအကြိမ်ကျေးရွာအစည်းအဝေးသို့ နံနက်(၉း၃၀)နာရီတွင် စတင်ပြီးတက်ရောက်သူများအား မှတ်တမ်း ကောက်ယူပါသည်။ထို့နောက် အစည်းဝေးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘေးတိုမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်ကလ်ပြီး အစီအစဉ်အရ လူထုဗဟိုပြုစီမံကိန်းမိတ်ဆက် အချက်(၁၅)ချက်ကို ပြောကြားခဲ့ပြီး စီမံကိန်းစက်ဝန်းကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး စီမံကိန်းတွင် အဓိကပါဝင်သူများနှင့် အဓိကတာဝန်ဝတ္တရားများကို ပြောကြားဆွေးနွေးခဲ့ရာတွင် စီမံကိန်းတွင်ပါဝင်ပတ်သက်သူတိုင်း တာဝန်ရှိကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ထို့နောက် စေတနာ့ဝန်ထမ်း၏ တာဝန်နှင့်ဝတ္တရားများကို ကျေးရွာလူထုအားရှင်းပြပြီး အစည်းအဝေးတက်ရောက်လာသူများမှ စီမံကိန်းအတွက်အထောက်အကူဖြစ်စေရန် ကျေးရွာစေတနာ့ဝန်ထမ်း ဦးကျော်ရန်နှင့်ဒေါ်ခရစ္စတီးကို အသိအမှတ်ပြု ရွေးချယ်ခဲ့ပါသည်။

ဆက်လက်ပြီးအစီအစဉ်အရ လူမှုဆန်းစစ်ခြင်းဆိုင်ရာနှင့်ပတ်သက်သော လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း၊ ဥစ္စာခနကြွယ်ဝမှုပြဇယား ပြန်လည်ဆွေးနွေးခြင်း၊ ရာသီခွင်ဇယားကိုပြန်လည်ဆွေးနွေးခြင်း၊ ကျား/မ အဖွဲ့(၂)ဖွဲ့ခွဲ၍ ပင့်ကူအိမ်ကို အုပ်စုဖွဲ့၍ဆွေးနွေးခြင်းနှင့် ကျေးရွာတွင်အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုပြ ဇယားကို ပြန်လည်ဆွေးနွေးအတည်ပြုခြင်းများ ပြုလုပ်ခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် ဒေါ်ထူးအယ်ဂျိုင်း (CF) မှ ကျေးဇူးတင်စကားပြောကြားပြီး အစည်းအဝေး ကို နေ့လည်(၁း၃၀)အချိန်တွင် ရုပ်သိမ်းလိုက်ပါသည်။

# ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ကျေးရွာနှင့်အုပ်စုအမည် | - | ဆောင်ဒူကျေးရွာ ၊ လိုဘာခိုအုပ်စု |
| နေရာ | - | ဓမ္မာရုံ |
| ရက်စွဲ | - | ၉-၁၂-၂၀၁၆ |
| တက်ရောက်သူဦးရေ | - | ကျား ၂၄ + မ ၆၄ |

ရည်ရွယ်ချက် ။ စီ/ထောက်ကော်မတီများ ပြန်လည်ဖွဲ့စည်းခြင်းနှင့် ကျေးရွာ၏အခက်အခဲပြဿနာများ၊ မျှော်မှန်းချက်များနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများဖော်ထုတ်နိုင်ရန်။

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို နံနက်(၉း၃၀)နာရီအချိန်တွင် စတင်ပြီးတက်ရောက်သူများအား မှတ်တမ်းကောက်ယူပါသည်။ထို့နောက် ပထမအကြိမ်ကျေးရွာအစည်းအဝေးအစီအစဉ်မှ ကျန်ရှိသောကျား/မရေးရာအသုံးပြုမှုနှင့် ထိန်းချုပ်မှုအားပြန်လည်ပြုလုပ်ခဲ့ပြီးလူမှုဆန်းစစ်ခြင်းဆိုင်ရာများ၏ ရည်ရွယ်ချက်များနှင့်တကွ ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်သုံးသပ်ခဲ့ပါသည်။ထို့နောက် လူမှုဆန်းစစ်ခြင်းရလဒ်ကိုအခြေခံပြီးကျေးရွာ၏အခက်အခဲပြဿနာများ မျှော်မှန်းချက်များနှင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစားပေးလုပ်ငန်းများကို ကျား/မ အုပ်စုလိုက်သီးသန့်ဆွေးနွေးစေပြီး ပြန်လည်တင်ပြခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထို့နောက် စီမံကိန်းနှင့်ပတ်သက်သော လူမှုအကာအကွယ်နှင့်သဘာဝပတ်ဝန်းကျင်အကာအကွယ်များ၊ အကျုံးဝင်သောလုပ်ငန်းနှင့် အကျုံးမဝင်သောလုပ်ငန်းများ၏ စံနှုန်းသတ်မှတ်ချက်များကို အသေးစိတ်ရှင်းပြခဲ့ပါသည်။ဆက်လက်ပြီးကျေးရွာ၏ ဦးစားပေးလုပ်ငန်းများကို ကျာ/မအလိုက်မဲစနစ်ဖြင့် ရွေးချယ်သတ်မှတ် ခဲ့ပါသည်။ဆက်လက်ပြီး ကျေးရွာစီမံခန့်ခွဲမှု ကော်မတီများဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားများကို ပြန်လည်ပြောကြားခဲ့ပြီး စီ/ထောက်ကော်မတီများ ပြန်လည်ရွေးချယ်အတည်ပြုခဲ့ပါသည်။ကော်မတီများကိုအတည်ပြုခြင်းနှင့်အတူ ဆောင်ရန်၊ ရှောင်ရန် စသည့်ကျင့်ဝတ်များ ရှင်းလင်းပြောကြားခဲ့ပါသည်။ဆက်လက်ပြီး ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးစနစ်အား အသက်ဝင်စေရန် ကြေညာပုံးနှင့် စာတိုက်ပုံးများထားရှိရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပြီးစာအိတ်အသုံးပြုသည့်နည်းလမ်းများကိုလည်း ထပ်မံရှင်းလင်းပြောကြားခဲ့ပါသည်။

နိဂုံးချုပ်အနေဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘေးတိုမှ တက်ရောက်လာကြသော ကျေးရွာလူထုအား ကျေးဇူးတင်စကားပြောကြားပြီး စီ/ထောက်ကော်မတီများအားလုံး COC နှင့် HR2 ပုံစံများ ဖြည့်သွင်းလက်မှတ်ရေးထိုးကြကာ မှတ်တမ်းဓါတ်ပုံရိုက်ကြပါသည်။အစည်းအဝေးကို ညနေ (၂း၀၀) နာရီအချိန်တွင် ရုပ်သိမ်း လိုက်ပါသည်။

လှိုင်ဘာဒို အုပ်စု

ဆောင်ရှု ကျေးရွာ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်

(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Social map/ Resource map) | ၆-၁၂-၂၀၁၈ | ရပ်မိရပ်ဖ၊ ကော်မတီ၊ကျေးရွာလူထုများအားလုံး | ၂၄ | ၆၄ | ၈၈ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအခြေနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ရေလောင်ကန်၊ သစ်တောများ |
| ၂။ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၆-၁၂-၂၀၁၈ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၂၄ | ၆၄ | ၈၈ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ရန် အများလူထုသဘောတူတတ်မှတ်ခြင်း |
| ၃။ | ကျား/မရေးရာ တဏ္ဍ (Assect Mapping) | ၇-၁၂-၂၀၁၈ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၄၃ | ၄၃ | ၈၆ | ကျေးရွာအတွင်းရှိ အရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများပြုလုပ်ခြင်း |
| ၄။ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၆-၁၂-၂၀၁၈ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၂၄ | ၆၄ | ၈၈ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ (လုပ်အားခ) |
| ၅။ | အဖွဲ့အစည်းချိတ်ဆက်ပုံ(Venn Diagram) | ၆-၁၂-၂၀၁၈ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု၊ | ၂၄ | ၆၄ | ၈၈ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၁၇-၀၂-၂၀၁၉ | ကော်မတီဝင်များ၊ အမျိုးသမီး/သားဆင်းရဲနွမ်းပါးသူ | ၂၄ | ၆၄ | ၈၈ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ(အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံးကာလ၊ ဝင်ငွေအနည်းဆုံးကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |
| ၇။ | အခက်အခဲ/ပြဿနာ (Problem) | ၁၈-၀၂-၂၀၁၉ | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး | ၄၃ | ၄၃ | ၈၆ | ငွေရေးကြေးရေး၊ စည်းလုံးညီညွတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦးလေးစားခြင်း၊ မြေနေရာကျဉ်းခြင်း၊ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ |
| ၈။ | ကျေးရွာ၏(၄)နှစ်စာမျှော်မှန်းချက်များ (Village Vision) | ၈-၀၂-၂၀၁၉ | ကျေးရွာလူထုအားလုံး | ၄၃ | ၄၃ | ၈၆ | ပိုမိုတိုးတက်စည်းလုံးဖွံ့ဖြိုး၊ ပိုမိုကျန်းမာလုပ်ကိုင်နိုင် (စားဝတ်နေရေး)၊ ပိုမိုပညာရေးကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းပိုမိုကောင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ပိုမိုကောင်းမွန်လာနိုင်၊ ပိုမိုကျေးရွာဖွံ့ဖြိုးလာနိုင်၊ |
| ၉။ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ (Village Approve Vision) | ၈-၀၂-၂၀၁၉ | ကျေးရွာလူထုအားလုံး | ၄၃ | ၄၃ | ၈၆ | ခန်းမဆောင်၊ ဆေးပေးခန်း၊ စာသင်ကျောင်း၊ လမ်း၊ ရေလှောင်ကန်၊ ရေပိုက်/ငုတ်၊ လျှပ်စစ်မီး၊ |
| ၁၀။ | ကျေးရွာဦးစားပေးလုပ်ငန်းစဉ်များ (Village Object Vision) | ၈-၀၂-၂၀၁၉ | ကျေးရွာလူထုအားလုံး | ၄၃ | ၄၃ | ၈၆ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အဆင့်သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်း၊ အကျိုးခံစားခွင့်ရှိသူလူဦးရေ |
| ၁၁။ | ကျေးရွာသမိုင်းအကျဉ်းချုပ် (History) | ၂၀-၀၂-၂၀၁၉ | အမျိုးသမီး၊ အမျိုးသားလူထုအားလုံး | ၂ | ၂ | ၄ | ကျေးရွာစတင်တည်ထောင်သည့်ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာ စသောကျေးရွာသမိုင်းအချက်အလက်အဆင့်ဆင့်များကိုဖော်ထုတ်ခြင်း၊ |